မစိုးရိမ်သာသနဇောတိကကျောင်း

# ဝတ်ရွတ်စဉ်

# မဟာသမယသုတ်ပါဠိတော်

နှင့်

မဟာသမယအကြောင်း သိကောင်းစရာအဖြာဖြာ

သာသနာ ၂၅၅၄မြန်မာ၁၃၇၂ခရစ် ၂၀၁၀

www.masoeyeindfa.org

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဟာသမယသမိုင်းအကျဉ်း

မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီး ၄-နှစ်မြောက် မဟာသက္ကရာဇ် ၁၀၇-ခုနှစ်တွင် ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့က လယ်သမားတို့သည် လယ်ယာလုပ်ငန်းလုပ်ရာတွင် ရေရရှိရာဖြစ်သော ရောဟိဏီမြစ်ရေကိုအကြောင်းပြုပြီး ရေလုပွဲကြီးဖြစ်ခဲ့ကြပါသည်။ပထမဦးစွာ လယ်သမားအချင်းချင်း ဖြစ်ရာမှ နောက် အုပ်ချုပ်သော မင်းအထိထိုပြဿနာရောက်ရှိခဲ့ပြီး စစ်သည်တော်များ၊ မင်းညီမင်းသားများပါပါဝင်လာကာ နှစ်ပြည်ထောင်သားတို့ လက်နက်အသီးသီး စွဲကိုင်လျက် ရေလုစစ်ပွဲ ဆင်နွှဲတော့မည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့ပါသည်။

ထိုအချိန်မှာ ဗုဒ္ဓမြတ်စွာ ရောက်ရှိလာပြီး နှစ်ပြည်ထောင် ချစ်ကြည်ရေးအတွက် ငြိမ်းချမ်းရေးတရားကို ဇာတ်တော်သာဓက အမျိုးမျိုးဖြင့် ဟောကြားတော်မူခဲ့ပါသည်။

၁။ ရှေးအခါက ဝက်ဝံနဲ့ သစ်ပင်စောင့်ရုက္ခစိုးနတ်တို့ ရန်ငြိုးဖွဲ့ကြသဖြင့် နှစ်ဦးနှစ်ဘက်စလုံး ပျက်စီးကြခြင်းအကြောင်း ဖန္ဒနဇာတ်။

၂။ ဥသျှစ်သီး ကြွေကျသည်ကို မြေပြိုပြီအထင်နဲ့ ဟစ်အော်ကြွေးကြော် ထွက်ပြေးသော ယုန် တစ်ကောင်၏စကားကို ယုံမှားမိလို့ တိရစ္ဆာန်အများအပြား ပျက်စီးကြခြင်းအကြောင်း ဒုဒ္ဒုဘဇာတ်။

၃။ တစ်ပါးသူကို နှိမ်ချအထင်သေးဖျက်ဆီးခဲ့သော ဆင်ပြောင်ကြီးသည် အားနည်းသော နှံစုတ်ငှက်မ၏ လက်စားချေမှု ခံခဲ့ရပုံအကြောင်း လဋုကိကဇာတ်။

၄။ ငုံးငှက်များသည် အချင်းချင်း ညီညွတ်စဉ်က ငှက်မုဆိုးရန်မှ လွတ်မြောက်ကြသော်လည်း စိတ်ဝမ်းကွဲပြီး မညီညွတ်ဖြစ်ကြသောအခါ မုဆိုး၏ ပိုက်ကွန်တွင်းမှာ အမိခံရခြင်းအကြောင်း သမ္မောဒမာနဇာတ်။

၅။ သက်မဲ့ဖြစ်သော သစ်ပင်များပင် တစ်စုတစ်ဝေးတည်း တည်နေသည့်အခါ လေဘေးအန္တရာယ်မှ ကင်းဝေးပုံ ရုက္ခဓမ္မဇာတ်နှင့်

၆။ မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက် ဆုံးမသင့်ပုံအကြောင်း အတ္တဒဏ္ဍ ဇာတ်တော်တို့ကို ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားရသော နှစ်ပြည်ထောင်သားတို့သည် ၎င်းတို့သန္တာန်၌ တောက်လောင်နေသော ဒေါသမီးများ ကင်းငြိမ်းသွားပြီး စွဲကိုင်ထားသော လက်နက်များကို စွန့်ပယ်လိုက်ကြပါသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံက မင်းသား ၂၅၀-စီ၊ စုစုပေါင်း မင်းသား ၅၀၀-တို့သည် ဗုဒ္ဓမြတ်စွာထံ ရဟန်းပြုကြပြီး မဟာဝုန်တောကြီးထဲတွင် ရဟန်းတရား အားထုတ်ခဲ့ကြပါသည်။

ထိုရဟန်းငါးရာတို့ ရဟန်းဖြစ်စ တရားထူးမရသေးမီ အချိန်တွင် ပျင်းရိနေကြသည်ကို သိမြင်တော်မူသော ဘုရားရှင်သည် ရဟန်းငါးရာတို့အား ဟိမဝန္တာတောရှိ ကုဏာလရေအိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ဆောင်သွားလျက် ဆက်လက်၍ တရားအားထုတ်စေရာ ရဟန်းငါးရာလုံး ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ ထို့နောက် ရဟန္တာငါးရာတို့သည် မဟာဝုန်တောကြီးသို့ ပြန်လည်ကြွတော်မူကြပြီး မြတ်စွာဘုရားရှင်ကို ဖူးမြော်လျှောက်ထားရန် နယုန်လပြည့် ညချမ်းအခါ၌ ဗုဒ္ဓထံတော်သို့ စုရုံး ရောက်ရှိလာခဲ့ကြသည်။ ထိုကဲ့သို့ ရဟန္တာငါးရာစုဝေးနေကြသည်ကိုဋ်း၊ မြတ်စွာဘုရားရှင်ကိုဋ်း ဖူးမြော်ကြည်ညိုလိုကြသော နတ်၊ဗြဟ္မာ၊ နဂါး၊ ဂဠုန်တို့သည် မဟာဝုန်တောကြီးထဲသို့ စုရုံးရောက်ရှိလာခဲ့ကြပါသည်။

မြတ်စွာဘုရားရှင်နှင့်တကွ ရဟန္တာငါးရာတို့ကို ဖူးမြော်ရန် စကြာဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာများ၊ နဂါး ဂဠုန် အပေါင်းတို့ စုဝေးမိကြသော အချိန်အခါ ဖြစ်သည့်အတွက် နယုန်လပြည့်နေ့ကို မဟာသမယလို့ ခေါ်ဆိုရခြင်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် ရောက်ရှိလာကြသော နတ်ပြဟ္မာ၊ နဂါး ဂဠုန်တို့၏ တစ်ဦးစီ၏ နာမည်များကို ခေါ်ဆိုလျက် "ထိုနတ်ပြဟ္မာတို့သည် စရိုက်အသီးသီးရှိကြသော နတ်ပြဟ္မာများဖြစ်ကြ၍ စရိုက်တစ်းပါးလျှင် တစ်သုတ်စီခွဲခြား၍ တရားဟောရသော် ၎င်းတို့အားလုံး ကျွတ်တမ်းဝင်မည်"ဟု သိမြင်တော်မူသဖြင့် နားလည်လွယ်ရန် နိမ္မိတ ရုပ်ပွားတော် ဘုရားတစ်ဆူ ဖန်ဆင်းတော်မူပြီး အမေးအဖြေပြုလျက် ဟောကြားတော်မူခဲ့သည်။

ရာဂစရိုက်အားကြီးသူတို့အတွက် သမ္မာပရိဗ္ဗာဇနိယသုတ်။
ဒေါသစရိုက်အားကြီးသူတို့အတွက် ကလဟဝိဝါဒသုတ်။
မောဟစရိုက်အားကြီးသူတို့အတွက် မဟာဗျူဟသုတ်။
ဝိတက်စရိုက်အားကြီးသူတို့အတွက် စူဠဗျူဟသုတ်။
သဒ္ဓါစရိုက်အားကြီးသူတို့အတွက် တုဝဋ္ဋကသုတ်။

ဗုဒ္ဓိစရိုက်အားကြီးသူတို့အတွက် ပုရာဘေဒသုတ်တို့ကို အသီးအသီး ဟောကြားတော်မူခဲ့ပါသည်။ တရားတော်အဆုံး၌ ကုဋေတစ်သိန်းမျှသော နတ်ပြဟ္မာအပေါင်းတို့သည် အကျွတ်းတရား ရရှိခဲ့ကြလေသည်။ နတ်ပြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော် မြွက်ကြားကာ နှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားတော်မူသည့် မြတ်စွာဘုရားရှင်၏ စကားတော်များကို မဟာသမယသုတ်ဟု ခေါ်ဆိုပါသည်။ ထိုအချိန်မှစ၍ မဟာသမယသုတ်တော် ဖြစ်ပေါ်လာခဲ့ပြီး အစဉ်အဆက် ရွတ်ဆိုပွားများလာခဲ့ကြပါသည်။ ။

### မဟာသမယသုတ် ရွတ်ဖတ်ရခြင်းအကျိုး

ဤသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အသက်ရှည်ခြင်း၊ အလုံးစုံသော အလိုရှိအပ်သော အကျိုးကိုပြီးစေနိုင်ခြင်း၊ သုဒ္ဓါဝါသ ပြဟ္မာတို့ အမှူးရှိသော နတ်ပြဟ္မာ တို့၏ ချစ်ခင် မြတ်နိုး နှစ်သက်ခြင်းကို ခံရခြင်း၊ နတ်တို့ ကူညီစောင့် ရှောက်မှုခံရခြင်း၊ အလုံးစုံသော ရောဂါ အန္တရာယ် ဘေးဥပဒ်တို့ကို ဖယ်ခွါပျောက်ကင်းစေနိုင်ခြင်းစသော ကောင်းကျိုးတရားများ ရရှိစေနိုင်ပါသည်။

### မဟာသမယဆုတောင်း

မဟာသမယ သမ္ဗန္ဓော၊ မဟာသမယ ဒေသကော။

မဟာသမယံ ဒေတု သော၊ မဟာသမယ အတ္ထိနော။

မဟာသမယ သမ္ဗန္ဓော၊ ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးသော တပည့်သာဝကတို့နှင့် ပြည့်စုံတော်မူသော။ မဟာသမယ ဒေသကော၊ ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးခြင်း၄ါ အခါခပ်သိမ်း တရားဓမ္မကို ဟောပြဆုံးမတော်မူတတ်သော။ သော ဗုဒ္ဓေါ၊ မဟာသမယ ဒေသကမည်တွင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မဟာသမယ အတ္ထိနော၊ ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးခြင်းကို အလိုရှိသော အကျွန်ုပ်အား (အကျွန်ုပ်တို့အား)။ မဟာသမယံ၊ ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးကြောင်း နည်းလမ်းကောင်းကို။ ဒေတု၊ ကရုဏာထား မေတ္တာပွား၍ ပေးသနားတော်မူပါ အရှင်မြတ်ကြီး ဘုရား။ . . ။

## မဟာသမယ ရှစ်လုံးဖွဲ့ ကဗျာ

* နတ်လူညွတ်ဦး၊ ထွတ်ဖူးစိန္တော၊
ဘေးမှဝေးကြ၊ အေးမြပါစေ။
အခါကောင်းလို့၊ နတ်ပေါင်းထွေထွေ၊
အမည်ထူး၊ ချီးကျူးခါတဲ့လေ။

* မဟာသမယ၊ သာစွခါကြုံ၊
မဟာဝုန်တော၊ သာမောယဂုံ။
ပြဟ္မာဂိုဏ်းနှင့်၊ နတ်တိုင်းရွှေဘုံ၊
နတ်ပွဲကြီး ဝှဲချီး၊ တင့်မျိုးစုံ။

* သက္ကရွှေတိုင်း၊ ဝေမှိုင်းရည်မှုံ၊
ကပ္ပိလနန်း၊ တင့်ဆန်းရဂုံ။
ဟောဝန်မြိုင်တန်း၊ ခိုင်ပန်းပွင့်ကြုံ၊
သဘင်ပွဲ၊ ဆင်နွဲ နတ်မျိုးစုံ။

* မဖြစ်ဖူးမြဲ၊ ထူးကဲခါကြုံ၊
တောပန်းတောင်ပန်း၊ ရောင်လျှမ်းအစုံ။
လေပြေသွေးတော့၊ မွှေးရနံ့ထုံ၊
ဘေးမသန်း၊ အေးချမ်း မဟာဝုန်။

* မဟာသမယ၊ ကြီးလှဂုဏ်တွေ၊
ကုဋေတစ်သိန်း၊ တွက်ကိန်းဝေနေ။
ဒေဝါနတ်များ၊ သိကြားပြဟ္မာ၊
နိဗ္ဗာန်နန်း၊ စံမြန်းကြသလေ။

(၁၀. ၈. ၅၇၊ သာသနာ့ရောင်ခြည်စာစောင်မှ)

**မဟာသမယအခါတော်နေ့အကြောင်းသိကောင်းစရာ (ကြည်ညိုဖွယ်ရာ) ရှစ်လုံးဖွဲ့ကဗျာများ**

၁။ မဟာသမယ - နေ့လှရှာဖွေ၊
ပူဇော်ဗုဒ္ဓ - နှုတ်လှရွတ်ချွေ၊
နတ်လူအေးချမ်း - ရွှင်လန်းပါစေ၊
ကုသိုလ်ကောင်း - စုပေါင်းမေတ္တာဝေ။

၂။ မေတ္တာဝေကြောင်း - ဆုတောင်း ညီညီ၊
မဟာဝုန်တော - စိတ်ဇောကရည်၊
နန်းကပိလ - မြန်းကြွချိန်မှီ၊
ရေလုပွဲ- ရန်စဲ စေနိုင်သည်။

၃။ ရန်စဲစေပြီး - ဟောနည်းပိုင်ပိုင်၊
ပြည်ထောင်နှစ်ဘက်- ဦးညွှတ်လျက်ထိုင်၊
သာသနာတွင်း - ရောင်ဝင်းခိုင်ခိုင်၊
အပူကင်း - ကျင့်သွင်း မဂ်ဖိုလ်တိုင်။

၄။ မဂ်ဖိုလ်တမ်းတ - ရန်စတွေပယ်၊
ကြို့ပင်စောင့်နတ်- ဝံသတ်သို့နှယ်၊
ရန်တုန့်ရန်လှဲ့- ကျိုးမဲ့စေတယ်၊
ဇာတ်တော်ပြ- ဖန္ဒနတစ်ဂုဏ်ထယ်။

၅။ ဇာတ်ဒုဒ္ဒုဘ- ယုံ အ ဤလို၊
ဥသျှစ်ကြွေကျ - မြေကမပြို၊
လန့်ကြောက်အများ - ပြေးငြားယုံလို၊
အချင်းချင်း - ကျော်နင်း အကုန်ပြို။

၆။ လဋုကိက- မြင်ရငယ်စွာ၊
နှံပြည်စုတ်ငှက် - ဆင်မျက်ဖေါက်တာ၊
ယင်ချေးတွေရောက် - ပိုးလောက်ရန်ရှာ၊
အားကြီးလည်း - ရှုံးပွဲ ထိုဆင်မှာ။

၇။ သမ္မောဒဇာတ်- ထုံးမှတ်စေဟန်၊
ပိုက်ကွန်ထွေးလုံး - သည်ငုံးတို့ပျံ၊
နောက်တွင် သင်းကွဲ- ငါစွဲငါမာန်၊
သတ် မုဆိုး - ပြုတ်မျိုးမကြွင်းကျန်။

၈။ လေးပြင်းလွန်တိုက် - ယိမ်းငိုက်ပင်စည်၊
သစ်ပင်ပေါင်းစု- အံတုကြသည်။
ရုက္ခဓမ္မ - ဇာတ်ပြည့္ဆုန်ပြီ၊
တူညီပေါင်း - အောင်ကြောင်း တိုင်း နှစ်ပြည်။

၉။ ကိုယ်တိုင်ပြစ်ရှိ- ကိုယ်သိစေချင်၊
နှစ်ပြည်စစ်တပ် - ခုရပ်ဘို့ပြင်။
အတ္တဒဏ္ဍ - ဇာတ်ပြသွန်သင်၊
အေးငြိမ်းကြ - ဗုဒ္ဓထံတော်တွင်။

၁၀။ ငါးရာစစ်သား - တရားရှာလို၊
မြတ်စွာဘုန်းရိပ် မှေးအိပ်လို့ခို၊
ဖန်ဝါသက်န်း - မဂ်လမ်းကြည်ညို၊
မြတ်ရဟန်း - အေးချမ်း လူရှင်ထို။

၁၁။ ရှင်လူတွေနှော - နတ်ရောပြဟ္မာ၊
ဆယ်မျက်နှာရပ် - ချဉ်းကပ်စုလာ၊
လောကဓာတ်ပေါင်း- တစ်သောင်းဝဠာ၊
ကြည်ညိုတွေ့- လပြည့် နယုန်ခါ။

၁၂။ ရာဂစရိုက် - ပျော်ပိုက်သူဟာ၊
အသုဘနဲ့- ကာယ ကောဋ္ဌာ၊
သမ္မာပရိ - သုတ်ရှိဓမ္မာ၊
ရှုကာမှတ် - ကင်းပြတ် ထိုတဏှာ။

၁၃။ ဒေါသအားကြီး - မေ့ပြီးနေလျှင်၊
ကလဟ ဝိ - သင်ကြည့်လို့ပင်၊

မေတ္တာလေးဆိုင်း - ကသိုဏ်းဆင်ခြင်၊
ပူကင်းပ - ဒေါသကုန်ကာစင်။

၁၄။ မောဟမှောင်ပြီး - အားကြီးနေသူ၊
မဟာဗျူဟာ - ဟောပြတဲ့မူ၊
အာနာပါန- ရှုမှတ်လွယ်ကူ၊
အမှောင်ကင်း - အလင်းဉာဏ်စင်ဖြူ။

၁၅။ ဟိုဒီကြံလျက် - ဝိတက်လွန်လျှင်၊
အာနာပါန - ဂဏနရှုဆင်၊
စူဠဗျူဟာ - ဟောပြဂုဏ်အင်၊
လွန်ငြိမ်သက် - ဝိတက် မှန်တွေမြင်။

၁၆။ သဒ္ဓါခိုင်ဖြည်း - အားကြီးသူငါ၊
တုဝဋ္ဋက - ထုတ်ပြမိန့်မှာ၊
ဗုဒ္ဓါနုဿတိ- ဆထိစုံစွာ၊
သဒ္ဓါနဲ့ - သင့်တဲ့ဉာဏ်စဉ်ဖြာ။

၁၇။ ပညာဗုဒ္ဓိ - အားရှိသူတွေ၊
ပုရာဘေဒ - သုတ်ပြမိန့်ချွေ၊
မရဏာ ဥ - သညု ကြာစေ၊
ဝတ္ထာန - ဓမ္မဉာဏ်စဉ်ဝေ။

၁၈။ စရိုက်ကမ္မဋ္ဌာန်း - ဟောခန်းစုံညီ၊
ငါးရာထေရ - ဗြဟ္မာ့နတ်ပြည်၊
မဟာဝုန်တော - သောသောညံစီ၊
ကိလေဝေး - ငြိမ်းအေးလေတော့သည်။

၁၉။ ဗြဟ္မာနတ်တို့ - ပျော်ဘို့ဤချိန်၊
ရွတ်ဖတ်လှူဒါန်း - မျှော်မှန်းလို့ထိန်၊
မဟာသမယ - ပေးမျှဂုဏ်ရှိန်၊
ဇေယျတု - သာဓုအကြိမ်ကြိမ်။

၂၀။ အာယုဒီဃ - သက်လျှကြာစေ၊
သဗ္ဗသမ္ပတ်- ကျိုးမြတ်ပြီးစေ၊
ဖြဟ္မာနတ်သင်း - ချစ်ခြင်းဖြာဝေ၊
ဖျားနာကင်း - ရွှတ်ခြင်းသမယေ။

၂၁။ မဟာသမယ- ရွှတ်ကြချိန်ခါ၊
ပြည်ထောင်နှစ်ဘက် - စစ်မက်ငြိမ်းတာ၊
ဂဠုန်နဂါး - တူသွားတူလာ၊
မေတ္တာလွှမ်း - အေးချမ်းလေတော့တာ။

၂၂။ မေတ္တာအေးချမ်း - တောပန်းစုံညီ၊
ငါးရာရဟန်း - မင်္ဂလမ်းသိပြီ၊
ဗြဟ္မာတသင်း - နတ်မင်းတွေစည်၊
ဝဋ္ဋာဆုံး - ရှင်ပြိုးလေတော့သည်။

၂၃။ ဝဋ္ဋာအဆုံး - ရှင်ပြိုးစေရန်၊
ဓမ္မသိဒ္ဓိ - ပီတိဓိဋ္ဌာန်၊
ဘရုဏ္ဏလင်း - ရင်တွင်းကြည်ပြန်၊
နယူးယောက် - ထွန်းတောက် အမေရိကန်။

၂၄။ မစိုးရိမ် ဘုန်းကော - တည်သောနေရာ၊
ဓမ္မမိတ္တ များလှ ဒကာ၊
မဟာသမယ- ဓမ္မတေဇာ၊
ပူဇော်ခမ်း- ရှင်လန်းဝေဝေဖြာ၊

၂၅။ ဝေဖြာရှင်လန်း- လျှုဒါန်းစုံနေ၊
ကြားသိသမျှ - တူ, ရကြစေ၊
မြင်, မမြင်အပ်- လူနတ်စုံထွေ၊
အမျှပေး - ရရေး သာဓုခေါ်။

သာဓု - သာဓု - သာဓု

ဦးသီလိဋ္ဌ (လန်ဒန်) ရေးစပ်သီကုံးပူဇော်သည်။

www.masoeyeindfa.org

## နတ်ဖိတ်ဓာတ်မ်း

သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။

သမန္တာ၊ ဝန်းကျင်ပတ်ချာ ရပ်ဒိသာမှ။ စက္ကဝါဠေသု၊ ရှစ်သောင်း နှစ်ထောင် အမြင့်ဆောင်သည့် စကြဝဠာတောင်ရစ်ဝိုက် တစ်သောင်း သော စကြဝဠာ တိုက်တို့၌။ ဝသန္တာ၊ ကြည်သာရွှင်ပျ နေထိုင်ကြ ကုန်သော။ ဒေဝတာ၊ ရောင်ဝါမည့ြိုး ကဲမိုး ကြီးမား နတ် ဗြဟ္မာ သိကြား တို့သည်။ အတြ၊ ပရိတ်တော်မြတ် ရွတ်ဖတ်ရာ ဤနေရာသို့။ အာဂစ္ဆန္တု၊ အဆောတလျင် မနှောရွှင်၍ ဇောဘဝင်ကြွ လာရောက်တော်မူကြ ပါကုန်လော့။

မုနိရာဇဿ၊ သုံးတိုက်ဘုံသူ နတ်နှင့်လူတို့ ကြည်ဖြူအေးမြ ခိုလှုံ ကြရာ ရတနာအစစ် ရဟန်းမင်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဂ္ဂမောက္ခဒံ၊ နတ်ရွာနိဗ္ဗာန် ကျိုးနှစ်တန်ကို ဧကန်ဆတ်ဆတ် ပေးဝေ တတ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့ တရားဖြစ်သော။ ပရိတ္တံ၊ ပရိတ် တရားဒေသနာတော်မြတ်ကို။ သုဏန္တု၊ ရိုသေတုတ်ကွ နာကြားကြပါ ကုန်လော့။

ဘဒ္ဒန္တာ၊ ညီညာဖျဖျ လာရောက်ကြကုန်သော။ ဒေဝတာ၊ ဗြဟ္မာသိကြား နတ်အများတို့သည်။ အယံ ကာလော၊ ဤသည်ကာလ ခါသမယသည်ကား။ ဓမ္မဿဝနကာလော၊ သုံးခွင်ထွတ်ထား ရှင်တော် မြတ်ဘုရား၏ ပရိတ်တရား (----) ဒေသနာတော်ကို နာကြားအံ့သော အခါကာလပေတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မဟာသမယသုတ်

## ဥယျောဇဉ်

သတေဟိ ပဉ္စမတ္တေဟိ၊ ခီဏာသဝေဟိ ကေဝလံ။
ဘိက္ခူဟိ ဘူပဝံသေဟိ၊ သတ္ထာ ဇိနော ပရိဝုတော။
သက္ကေ ကပိလဝတ္ထုသ္မိံ၊ ဆာယာရမ္မေ မဟာဝနေ။
သမန္တတော သဟဿေဟိ၊ စက္ကဝါဠေဟိ ဒသဟိ။
အာဂမ္မ သန္နိသိန္နာနံ၊ ဒေဝါနံ ယ’မဒေသယိ။
အာယုဒီဃကရံ သဗ္ဗ-သမ္ပတ္တိသာဓကံ ဝရံ။
သုဒ္ဓါဝါသပ္ပဘုတီဟိ၊ ဒေဝေဟိ ပဋိနန္ဒိတံ။
သဗ္ဗရောဂဘယုဂ္ဃါတံ၊ သမယံ တံ ဘဏာမ ဟေ။

## နိဒါန်း

၁။ ဧဝံ မေ သုတံ- ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ, ဘိက္ခုသံဃဉ္စ။ အထ ခေါ စတုန္နံ သုဒ္ဓါဝါသကာယိကာနံ ဒေဝတာနံ ဧတဒဟောသိ “အယံ ခေါ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောက ဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ, ဘိက္ခုသံဃဉ္စ။

ယံနူန မယမ္ပိ ယေန ဘဂဝါ, တေနုပသင်္ကမေယျာမ၊ ဥပသင်္ကမိတွာ ဘဂဝတော သန္တိကေ ပစ္စေကံ ဂါထံ ဘာသေယျာမာ”တိ။

အထ ခေါ တာ ဒေဝတာ သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ, ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ၊ ဧဝမေဝ သုဒ္ဓါဝါသေသု ဒေဝေသု အန္တရဟိတာ ဘဂဝတော ပုရတော ပါတုရဟေသုံ။ အထ ခေါ တာ ဒေဝတာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌံသု။

ဧကမန္တံ ဌိတာ ခေါ ဧကာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

“မဟာသမယော ပဝနသ္မိံ၊
ဒေဝကာယာ သမာဂတာ။
အာဂတ’ မှ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတသံဃ”န္တိ။

၂။ အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

“တတြ ဘိက္ခဝေါ သမာဒဟံသု၊
စိတ္တ’မတ္တနော ဥဇုကံ အကံသု။
သာရထီဝ နေတ္တာနိ ဂဟေတွာ၊
ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ”တိ။

၃။ အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

“ဆေတွာ ခီလံ ဆေတွာ ပလိဃံ၊
ဣန္ဒခီလံ ဦဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါ”တိ။

၄။ အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

“ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တီ”တိ။

၅။ အထခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ “ယေဘုယျေန ဘိက္ခဝေ ဒသသု လောကဓာတူသု ဒေဝတာ သန္နိပတိတာ ဟောန္တိ တထာဂတံ ဒဿနာယ,ဘိက္ခုသံဃဉ္စ။ ယေပိ တေ ဘိက္ခဝေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံပရမာယေဝ ဒေဝတာ သန္နိပတိတာ အဟေသုံ။ သေယျထာပိ မယှံ ဧတရဟိ။ ယေပိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံပရမာယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိ။ သေယျထာပိ မယှံ ဧတရဟိ။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ဒေသေဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ တံ သုဏာထ သာဓုကံ မနသိ-ကရောထ ဘာသိဿာမီ” တိ။ “ဧဝံ ဘန္တေ”တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

၆။ ဘဂဝါ ဧတဒဝေါစ-

သိလောက’ မနုကဿာမိ၊ ယတ္ထ ဘုမ္မာ တဒဿိတာ။
ယေ သိတာ ဂိရိဂဗ္ဘရံ၊ ပဟိတတ္တာ သမာဟိတာ။

ပုထူ သီဟာဝ သလ္လီနာ၊ လောမဟံသာဘိသမ္ဘုနော။
ဩဒါတမနသာ သုဒ္ဓါ၊ ဝိပ္ပသန္နမနာဝိလာ။

၇။ ဘိယျော ပဉ္စသတေ ဉတွာ၊ ဝနေ ကာပိလဝတ္ထဝေ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ'မကရုံ၊ သုတွာ ဗုဒ္ဓဿ သာသနံ။

၈။ တေသံ ပါတုရဟု ဉာဏံ၊ အမနုဿာန ဒဿနံ။
အပ္ပေကေ သတ'မဒ္ဒက္ခုံ၊ သဟဿံ အထ သတ္တရိံ။

သတံ ဧကေ သဟဿာနံ၊ အမနုဿာန'မဒ္ဒသုံ။
အပ္ပေကေ'နန္တ'မဒ္ဒက္ခုံ၊ ဒိသာ သဗ္ဗာ ဖုဋ္ဌာ အဟုံ။

၉။ တဉ္စ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတွာန စက္ခုမာ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
ယေ ဝေါ'ဟံ ကိတ္တယိဿာမိ၊ ဂိရာဟိ အနုပုဗ္ဗသော။

၁၀။ သတ္တသဟဿာ တေ ယက္ခာ၊ ဘုမ္မာ ကာပိလဝတ္ထဝါ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၁။ ဆသဟဿာ ဟေမဝတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၂။ သာတာဂိရာ တိသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၃။ ဣစ္စေတေ သောဠသသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၄။ ဝေဿာမိတ္တာ ပဉ္စသတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၅။ ကုမ္ဘီရော ရာဇဂဟိကော၊ ဝေပုလ္လ’ဿ နိဝေသနံ။
ဘိယျော နံ သတသဟဿံ၊ ယက္ခာနံ ပယိရုပါသတိ။
ကုမ္ဘီရော ရာဇဂဟိကော၊ သောပါဂါ သမိတိံ ဝနံ။

၁၆။ ပုရိမဉ္စ ဒိသံ ရာဇာ၊ ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊ မဟာရာဇာ ယသဿိသော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၇။ ဒက္ခိဏဉ္စ ဒိသံ ရာဇာ၊ ဝိရူဠှော တံ ပသာသတိ။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊ မဟာရာဇာ ယသဿိသော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၈။ ပစ္ဆိမဉ္စ ဒိသံ ရာဇာ၊ ဝိရူပက္ခော ပသာသတိ။
နာဂါနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိသော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၉။ ဥတ္တရဉ္စ ဒိသံ ရာဇာ၊ ကုဝေရော တံ ပသာသတိ။
ယက္ခာနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိသော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၂၀။ ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၂၁။ စတ္တာရော တေ မဟာရာဇာ၊ သမန္တာ စတုရော ဒိသာ။
ဒဒ္ဒလ္လမာနာ အဋ္ဌံသု၊ ဝနေ ကာပိလဝတ္ထဝေ။

၂၂။ တေသံ မာယာဝိနော ဒါသာ၊ အာဂုံ ဝဉ္စနိကာ သဌာ။
မာယာ ကုဋေဏ္ဍု ဝိဋေဏ္ဍု၊ ဝိဋူစ္စ ဝိဋူဋော သဟ။
စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္နိဃဏ္ဍုနိဃဏ္ဍု စ။
ပနာဒေါ ဩပမညော စ၊ ဒေဝသူတော စ မာတလိ။

၂၃။ စိတ္တသေနော စ ဂန္ဓဗ္ဗော၊ နဠောရာဇာ ဇနေသဘော။
အာဂုံ ပဉ္စသိခေါ စေဝ၊ တိမ္ဗရူ သူရိယဝစ္ဆသာ။
ဧတေ စညေ စ ရာဇာနော၊ ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၂၄။ အထာဂုံ နာဂသာ နာဂါ၊ ဝေသာလာ သဟတစ္ဆကာ။
ကမ္ဗလဿတရာ အာဂုံ၊ ပါယာဂါ သဟ ဉာတိဘိ။
ယာမုနာ ဓတရဋ္ဌာ စ၊ အာဂုံ နာဂါ ယသဿိနော။
ဧရာဝဏော မဟာနာဂေါ၊ သောပါဂါ သမိတိံ ဝနံ။

၂၅။ ယေ နာဂရာဇေ သဟသာ ဟရန္တိ၊
ဒိဗ္ဗာ ဒိဇာ ပက္ခိ ဝိသုဒ္ဓစက္ခူ။
ဝေဟာယသာ တေ ဝနမဇ္ဈပတ္တာ၊
စိတြာ သုပဏ္ဏာ ဣတိ တေသ နာမံ။

၂၆။ အဘယံ တဒါ နာဂရာဇာန’ မာသိ။
သုပဏ္ဏတော ခေမ’ မကာသိ ဗုဒ္ဓေါ။
သဏှာဟိ ဝါစာဟိ ဥပဝှယန္တာ၊
နာဂါ သုပဏ္ဏာ သရဏ’ မကံသု ဗုဒ္ဓံ။

၂၇။ ဇိတာ ဝဇိရဟတ္ထေန၊ သမုဒ္ဒံ အသုရာ သိတာ။
ဘာတရော ဝါသဝဿေ’တေ၊ ဣဒ္ဓိမန္တော ယသဿိနော။

ကာဠကဏ္ဏ မဟာဘိသ္မာ၊ အသုရာ ဒါနဝေဃသာ။
ဝေပစိတ္တိ သုစိတ္တိ စ၊ ပဟာရာဒေါ နမုစီ သဟ။

သတဉ္စ ဗလိပုတ္တာနံ၊ သဗ္ဗေ ဝေရောစနာမကာ။
သန္နယှိတ္ဝာ ဗလိသေနံ၊ ရာဟု ဘဒ္ဒ’မုပါဂမုံ။
သမယော ဒါနိ ဘဒ္ဒန္တေ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၂၈။ အာပေါ စ ဒေဝါ ပထဝီ၊ တေဇော ဝါယော တဒါဂမုံ။
ဝရုဏာ ဝါရဏာ ဒေဝါ၊ သောမော စ ယသသာ သဟ။

မေတ္တာ ကရုဏာ ကာယိကာ၊ အာဂုံ ဒေဝါ ယသဿိနော။
ဒသေ’တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။

ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၂၉။ ဝေဏ္ဍုဒေဝါ သဟလိ စ၊ အသမာ စ ဒုဝေ ယမာ။
စန္ဒဿူပနိသာ ဒေဝါ၊ စန္ဒ’မာဂုံ ပုရက္ခတွာ။

သူရိယဿူပနိသာ ဒေဝါ၊ သူရိယ’မာဂုံ ပုရက္ခတွာ။
နက္ခတ္တာနိ ပုရက္ခတွာ၊ အာဂုံ မန္ဒဝလာဟကာ။

ဝသူနံ ဝါသဝေါ သေဋ္ဌော၊ သက္ကောပါဂါ ပုရိန္ဒဒေါ။
ဒသေ’တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။

ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၀။ အထာဂုံ သဟဘူ ဒေဝါ၊ ဇလ’မဂ္ဂိသိခါရိဝ။
အရိဋ္ဌကာ စ ရောဇာ စ၊ ဥမာပုပ္ဖနိဘာသိနော။

ဝရုဏာ သဟဓမ္မာ စ၊ အစ္စုတာ စ အနေဇကာ။
သူလေယျရုစိရာ အာဂုံ၊ အာဂုံ ဝါသဝနေသိနော။
ဒသေ’တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။

ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၁။ သမာနာ မဟာသမာနာ၊ မာနုသာ မာနုသုတ္တမာ။
ခိဍ္ဍာပဒေါသိကာ အာဂုံ၊ အာဂုံ မနောပဒေါသိကာ။

အထာဂုံ ဟရယော ဒေဝါ၊ ယေ စ လောဟိတဝါသိနော။
ပါရဂါ မဟာပါရဂါ၊ အာဂုံ ဒေဝါ ယသဿိနော။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။

ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၂။ သုက္ကာ ကရမ္ဘာ အရုဏာ၊ အာဂုံ ဝေဃနသာ သဟ။
ဩဒါတဂယှာ ပါမောက္ခာ၊ အာဂုံ ဒေဝါ ဝိစက္ခဏာ။

သဒါမတ္တာ ဟာရဂဇာ၊ မိဿကာ စ ယသဿိနော။
ထနယံ အာဂ ပဇ္ဇုန္နော၊ ယော ဒိသာ အဘိဝဿတိ။

ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၃။ ခေမိယာ တုသိတာ ယာမာ၊ ကဋ္ဌကာ စ ယသဿိနော။
လမ္ဗီတကာ လာမသေဋ္ဌာ၊ ဇောတိနာမာ စ အာသဝါ။
နိမ္မာနရတိနော အာဂုံ၊ အထာဂုံ ပရနိမ္မိတာ။

ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၄။ သဋ္ဌေ'တေ ဒေဝနိကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
နာမန္ဝယေန အာဂစ္ဆုံ၊ ယေ စညေ သဒိသာ သဟ။

မဝုဋ္ဌဇာတိ’မခီလံ၊ ဩဃတိဏ္ဏ’မနာသဝံ။
ဒက္ခေမော’ဃတရံ နာဂံ၊ စန္ဒံဝ အသိတာတိဂံ။

၃၅။ သုဗြဟ္မာ ပရမတ္တော စ၊ ပုတ္တာ ဣဒ္ဓိမတော သဟ။
သနင်္ကုမာရော တိဿော စ၊ သောပါဂ သမိတိံ ဝနံ။

၃၆။ သဟဿံ ဗြဟ္မလောကာနံ၊ မဟာဗြဟ္မာဘိ တိဋ္ဌတိ။
ဥပပန္နော ဇုတိမန္တော၊ ဘိသ္မာကာယော ယသဿိ သော။

ဒသေ’တ္ထ ဣဿရာ အာဂုံ၊ ပစ္စေကဝသဝတ္တိနော။
တေသဉ္စ မဇ္ဈတော အာဂ၊ ဟာရိတော ပရိဝါရိတော။

၃၇။ တေ စ သဗ္ဗေ အဘိက္ကန္တေ၊ သဣန္ဒေ ဒေဝေ သဗြဟ္မကေ။
မာရသေနာ အဘိက္ကာမိ၊ ပဿ ကဏှဿ မန္ဒိယံ။

ဧထ ဂဏှထ ဗန္ဓထ၊ ရာဂေန ဗဒ္ဓ’မတ္ထု ဝေါ။
သမန္တာ ပရိဝါရေထ၊ မာ ဝေါ မုဉ္စိတ္ထ ကောစိ နံ။

ဣတိ တတ္ထ မဟာသေနော၊ ကဏှော သေနံ အပေသယိ။
ပါဏိနာ တလ’မာဟစ္စ၊ သရံ ကတွာန ဘေရဝံ။

ယထာ ပါဝုဿကော မေဃော၊ ထနယန္တော သဝိဇ္ဇုကော။
တဒါ သော ပစ္စုဒါဝတ္တိ၊ သင်္ကုဒ္ဓေါ အသယံဝသေ။

၃၈။ တဉ္စ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတွာန စက္ခုမာ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။

မာရသေနာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ’မကရုံ၊ သုတွာ ဗုဒ္ဓဿ သာသနံ။
ဝီတရာဂေဟိ ပက္ကာမုံ၊ နေ’သံ လောမာပိ ဣဉ္ဇယုံ။

၃၉။ သဗ္ဗေ ဝိဇိတသင်္ဂါမာ၊ ဘယာတီတာ ယသဿိနော။
မောဒန္တိ သဟ ဘူတေဟိ၊ သာဝကာ တေ ဇနေသုတာတိ။

မဟာသမယသုတ္တံ နိဋ္ဌိတံ။

## အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
- ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ၊
- နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

၂။ အနောက်အရပ်၌ရှိသော -

၃။ မြောက်အရပ်၌ရှိသော -

၄။ တောင်အရပ်၌ရှိသော -

၅။ အရှေ့တောင်ထောင့်အရပ်၌ရှိသော-

၆။ အနောက်မြောက်ထောင့်အရပ်၌ရှိသော-

၇။ အရှေ့မြောက်ထောင့်အရပ်၌ရှိသော-

၈။ အနောက်တောင်ထောင့်အရပ်၌ရှိသော-

၉။ အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့-

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
- ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ၊
- နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တနတ်ပြဟ္မာတို့-

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
- ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ၊
- နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

## ဆုတောင်းအမျှဝေ

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာကမ္ဘာ မြေမိုးဖြန်းဖြန်းကျိုးမျှတန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူသောသုံးလောက ထွဋ်တင်ရှင်တော်မြတ်ဘုရားကိုရည်စူးရည်မှန်း၍ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂ စေတီ၊ ဥဒ္ဒိဿစေတီ (ဤကျောင်း၌ရှိသော ရုပ်ပွားဆင်းတု) တော်မြတ်အား (မဟာသမယသုတ်)ပါဠိတော်ဖြင့်ရွတ်ဖတ်ပူဇော်ရခြင်း ဓမ္မရတိ၊ ဓမ္မပူဇာကုသိုလ် မင်္ဂလာကိုကြိုးစားအားထုတ်ပြုလုပ်ကြပါ၏။

ဣဒံနော(မေ)ပုညံနိဗ္ဗာနဿပစ္စယောဟောတု။

နော–အမှာကံ၊ တပည့်တော်တို့၏။ (မေ–တပည့်တော်၏)။ ဣဒံပုညံ၊ ဤသို့ယနေ့ယခုပြုလုပ်ရသောဓမ္မရတိ၊ ဓမ္မပူဇာကုသိုလ်မင်္ဂလာသည်၊ နိဗ္ဗာနဿ၊ ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေးစသောဘေးအပေါင်းရန်အပေါင်း တို့၏ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာ၊ မရှိရာဖြစ်သောမဟာအသခ်တဓာတ် မြတ်သောနိဗ္ဗာန်၏။ ပစ္စယော၊ အားကြီးသောအကြောင်းအထောက်အပံ့သည်။ ဟောတု၊ မုချမသွေဖြစ်ပါစေသတည်း။

ဤသို့ယနေ့ယခုပြုလုပ်ရသောဓမ္မရတိ၊ ဓမ္မပူဇာကုသိုလ်မင်္ဂလာ၏ အဘို့ဘာဂကိုမိခင်ဖခင်ကျေးဇူးရှင်တို့အားငင်း၊ တာ–နပဲ့ပြင်ဆွန်သင်ပေတတ် ဆရာမြတ်တို့အားငင်း၊ ရေမြေသနင်း ပြည့်ရှင်မင်းအားငင်း၊ ငရဲသနင်း ယမမင်းအားငင်း၊ ဤကျောင်းဝန်းကိုစောင့်သော ကျောင်းဝန်းစောင့်နတ်၊ ဤကျောင်းဝန်းရှိသစ်ပင်များကိုစောင့်သောရုက္ခစိုးနတ်၊ ဤရပ်ကွက်ကိုစောင့်သော ရပ်ကွက်စောင့်နတ်၊ ဤမြို့ကိုစောင့်သောမြို့စောင့်နတ်၊ ဤပြည်နယ်ကိုစောင့်သော ပြည်နယ်စောင့်နတ်၊ ဤနိုင်ငံကိုစောင့်သော နိုင်ငံစောင့်နတ်၊ ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေစောင့်နတ်၊ လေစောင့်နတ်၊ မြေစောင့်နတ်၊ မိုးစောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုလောကပါလ၊ သာသနာတော် စောင့်နတ်၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့အားငင်း၊ သာသနာတော်ကိုမညှိုးမခြောက် မကွယ်ပျောက်အောင် စောင့်ရှောက်၍နေကြပေကုန်သော ရဟန်းပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်ထူးတို့အားငင်း(၃၁)ဘုံ၌ကျင်လည်နေကြကုန်သောသတ္တဝါအပေါင်း တို့အားငင်း၊ အထူးအားဖြင့်ကွယ်လွန်လေပြီးကုန်သောမိဘ၊ ဘိုးဘွား၊ ဆရာသမား၊

မိတ်ဆွေသင်္ဂဟ မကျွတ်မလွတ်သေးသောပုဂ္ဂိုလ်အပေါင်းတို့အားငင်း
အမျှပေးဝေပါကုန်၏၊အမျှပေးဝေပါကုန်၏၊အမျှပေးဝေပါကုန်၏။

အမျှရကြ၍ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကုန်သတည်း။
သူတော်ကောင်းသူမြတ်တို့ပေးဝေသောအမျှကုသိုလ်ကိုလည်းကျွန်ုပ်(တို့တစ်စု)
ကသာဓုခေါ်ဆိုပါ၏။

အမျှ–အမျှ–အမျှ–ယူတော်မူကြပါကုန်လော။

သာဓု၊သာဓု၊သာဓု။

## နတ်ပို့ဂါထာ

ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဧတ္တာဝတာ စ၊ ဤမျှကြီးကုတ် စွမ်းအားထုတ်၍ မယုတ်စေရ ပြုလုပ်ရသဖြင့်လည်း။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ သမ္ဘတံ၊ ကောင်းစွာ စုဆောင်း စုပေါင်း အားထုတ်အပ်ပြီးသော။ ပုညသမ္ပဒံ၊ အပေါင်းစုမြုပ် ကောင်းမှုထုတ်၏ မယုတ်မယွင်း ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ရှိန်ဝါတောက်လင်း နောက်ပါသင်းနှင့် ခပင်းဥဿုံ အလုံးစုံကုန်သော။ ဒေဝါ၊ စကြဝဠာ သောင်းတိုက် ပေါင်းတစ်ဝိုက်မှ ရောက်ဆိုက်လာငြား နတ်ပြဟ္မာများ တို့သည်။ အနုမောဒန္တု၊ ကြည်လင်မနော ဘဝင်ဇောနှင့် ရွှင်မော ဝမ်းမြောက်ကြပါစေကုန်သတည်း။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ လူနတ်နိဗ္ဗာန် အကျိုးမှန်ကို မျိုးခံနှီးရင်း ပြီးစီးခြင်းငှါ။ သဒ္ဓါယ၊ ကံကြောင့်အကျိုး မထောင့်ညိုးဟု ဖြောင်းရိုးစွဲကပ် အမြဲမှတ်သဖြင့်။ ဝါ- ရတနာသုံးတန် ကံ, ကံ၏အကျိုးကို ယုံကြည်ကြသဖြင့်။ ဒါနံ၊ နည်းသည်များသည် ခြားမရည်ဘဲ ရွှင်ကြည်မြတ်နိုး ဒါနမျိုးကို။ ဒဒန္တု၊ သူတော်ရဟန်း ရည်ရော်

မှန်း၍ လျှုဒါန်းပူဇော်နိုင်ကြပါစေကုန်သတည်း။ သီလ၊ ပဉ္စ, အဋ္ဌ, ဒသင်္ဂဟု ကိုယ်မှမချွတ် ကျင့်ခါးဝတ်ကို။ သဗ္ဗဒါ၊ နှစ်, လတွက်မှတ် ရက်မပြတ်အောင်။ ရက္ခန္တု၊ မကျားမပြောက် မမှားမှောက်ရအောင် စောင့်ရှောက် ထိန်းသိမ်းနိုင်ကြ ပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထဝိပဿနာ လက်မကွာဘဲ ဆက်ကာနွှေ့ညှ မွေ့လျော်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ အများညီညာ တရားနာဟု ထားကာစွဲစိတ် ခဲအကျိတ်နှင့် တွဲမိတ်စုဆုံ လာကြကုန်သော။ ဒေဝတာ၊ အကြောင်းဆက်ကာ သောင်းစကြာဝ ရောက်လာကြညောင်း နတ်ပြဟ္မာအပေါင်းတို့သည်။ ဂစ္ဆန္တု၊ (-----) ပရိတ်တရား ရွတ်ပွဲ ပြီးကုန်စဲမို့ နေမြဲရပ်ဘုံ ပြန်ကြပါကုန်လော့။

## ရတနာသုံးပါး ရှိခိုးပူဇော်ခြင်း

* ကြမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

* ကြမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဓမ္မံ၊ တရားတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

* ကြမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ သံဃံ၊ သံဃာတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။